ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၂.၀၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်

အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၁-၆-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များကတော့ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဆေးရုံတက်ရောက်ကုသ။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပ ခရီးစဉ်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကော်မတီအစည်းအဝေး တက်ရောက်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးငွေဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ကုသ။ မန်းတိုးရွှေ၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ မိခင်ဖြစ်သူ ကျန်းမာရေး။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ မိခင်ဖြစ်သူ

နာရေးကိစ္စ။ ဗိုလ်မှူးချုပ်အောင်ဆန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကော်မတီတာဝန် ထမ်းဆောင်ရန်။ ဗိုလ်မှူးကြီးနိုင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်၊ မိခင်ဖြစ်သူ ကျန်းမာရေး။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဋ္ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။　။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ် မိုင်းမော - ကလုံပါ - မွတ်လေးလမ်းပိုင်းမှ သဘာဝ ဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကို မည်သည့်အစီအစဉ်မျိုးဖြင့် ပြန်လည် ပြုပြင်ပေးပြီး မည်သည့်အချိန်ကာလတွင် အပြီးသတ် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။　။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် က ရှမ်း ပြည်နယ်၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ် မိုင်းမော - ကလုံပါ - မွတ်လေးလမ်းပိုင်းမှ သဘာဝဘေးဒဏ် ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကို မည်သည့်အစီအစဉ်မျိုးဖြင့် ပြန်လည်ပြုပြင်ပေးပြီး မည်သည့်အချိန်ကာလတွင် အပြီးသတ် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းစံအောင် ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။　။ လေးစားရပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေအတွင်း၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီး ဆုံးရှုံးသွားခဲ့သော လမ်း၊ တံတားများနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ကျွန်တော်တို့ ဒေသအတွင်းရှိ လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးမှုရှိခဲ့ပါတယ်။ အချို့မှာ ပြုပြင်မွမ်းမံ၍ သွားလာရန်ခက်ခဲသည့် အနေအထားမျိုး ဖြစ်ခဲ့ပါတယ်။ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်၊ မိုင်းမောမှ ကလုံပါသွားလမ်း၊ မွတ်လေးလမ်း(၅၈)မိုင်အတွင်း မိုးရေတိုက်စားမှုကြောင့် ပေ(၃၀) ကွန်ကရစ်တံတားတစ်စင်းနှင့် လမ်းပေ(၂၀) ပြိုကျခဲ့ရပါတယ်။ ပြည်သူများ အားကိုးအားထားပြုရသည့် လမ်း၊ တံတားများဖြစ်သဖြင့် အချိန်မီ ပြုပြင်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းကိုလည်း ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။

ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ် မိုင်းမော-ကလုံပါ-မွတ်လေးလမ်းပိုင်းမှ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကို မည်သည့်အစီအစဉ်မျိုးဖြင့် ပြန်လည်ပြုပြင်ပေးမည်နည်း။ မည်သည့်အချိန်ကာလတွင် အပြီးသတ် ဆောင်ရွက်ပေးမည်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အရေးပါမည့် ရန်လုံကျိူင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းသစ် ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ရှမ်းပြည်နယ်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အရေးပါမည့် ရန်လုံကျိူင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းသစ် ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုလုံးသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဆက်သွယ်ရေးလမ်းကြောင်းသစ်တစ်ခု ဖောက်လုပ်ရေး မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် နယ်စပ်အစွန်အဖျားကျပြီး တစ်ဖက်နိုင်ငံနှင့် ထိစပ်နေသဖြင့် လူမှုစီးပွားဆက်ဆံရေးနှင့် ကုန်စည်စီးဆင်းရေးတို့တွင် အဓိကကျတဲ့ နယ်မြေကြီးတစ်ခုဖြစ်ပါတယ်။ ဒေသအတွင်းတည်ငြိမ်အေးချမ်းရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်ရေးနှင့် အဆင့်မီလမ်းမကြီးများ ပေါ်ထွန်းလာစေရေးအတွက် ကိုးကန့်ဒေသဦးစီးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကျိူင်းခင်း

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဆွေးနွေးညှိနှိုင်းမှုပြုခဲ့ပြီး ဆွေးနွေးမှု မှတ်တမ်းများကိုလည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြထားကြောင်း သိရှိရပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှ တင်ပြထားသည့် လမ်းကြောင်းအသစ်မှာ ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းသစ် ဖြစ်ပါတယ်။

ဤလမ်းမကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကျိုင်းခင်းခရိုင်နှင့် မြန်မာနိုင်ငံ၊ ကိုးကန့်ဒေသ၊ လောက်ကိုင်ခရိုင်တို့ကို ဆက်စပ်ပေးမည့်လမ်းကြောင်း လမ်းမကြီးလည်းဖြစ်ပါတယ်။ ဒေသအတွင်း ညှိနှိုင်းမှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရဘက်မှ တာဝန်ယူဖောက်လုပ်ပေးရန် ဆွေးနွေးထားကြောင်းသိရှိရပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ရှိဖော်ဆောင်နေသော ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ် စီမံကိန်း (One Belt One Road)နှင့် အကျုံးဝင် ပတ်သက်လာမည့်လမ်းကြောင်းလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိခဲ့ပါက ဤလမ်းမကြီး ပေါ်ထွန်းလာစေရေးအတွက် သဘောထားရယူခြင်း၊ တိုက်တွန်းနှိုးဆော်ပေးခြင်းနှင့် လုပ်ငန်းအကောင်အထည် ပေါ်ပေါက်လာရေး ညှိနှိုင်းခြင်းတို့ကို အလေးထား၍ ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရမှ ဦးစားပေးအဆင့် သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းသစ် ဖောက်လုပ်ခြင်းကို နိုင်ငံတော်အစိုးရမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နှစ်ဦးနှစ်ဖက်ပူးပေါင်းပြီး ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ရှိ ဟောင်းနွမ်းဆွေးမြည့် ယိုယွင်းလျက်ရှိသည့် တချို့သော အရာထမ်း၊ အမှုထမ်း ဝန်ထမ်းအိမ်ရာများနှင့် စာသင်ကျောင်းဆောင်၊ လက်တွေ့ကျောင်းဆောင်များကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရန် သို့မဟုတ် အသစ်ပြန်လည် တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ရှိ ဟောင်းနွမ်းဆွေးမြည့် ယိုယွင်းလျက်ရှိသည့် တချို့သော အရာထမ်း၊ အမှုထမ်း ဝန်ထမ်းအိမ်ရာများနှင့် စာသင်ကျောင်းဆောင်၊ လက်တွေ့ကျောင်းဆောင်များကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရန် သို့မဟုတ် အသစ်ပြန်လည် တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း ဖြစ်ပါတယ်။ ယခု ကျွန်တော် ဥက္ကဋ္ဌကြီး ကနေတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာရှိနေတဲ့ ဟောင်းနွမ်းနေလျက်ရှိတဲ့ တချို့သော အရာထမ်း၊ အမှုထမ်း ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်း၊ လက်တွေ့ကျောင်းဆောင်များကို ပြန်လည်ပြုပြင် မွမ်းမံရန် သို့မဟုတ် အသစ်ပြန်လည် တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ ဒီကျောင်းကြီး၏ သမိုင်းအကျဉ်းကို ကျွန်တော်တို့ ပြန်လည်ကြည့်လိုက်ချိန်မှာ အဲဒီ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းကြီးဟာ တော်လှန်ရေး ကောင်စီလက်ထက် ၁၉၆၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းကို စစ်ကိုင်းမြို့၊ အေးမြဝတီရပ်၊ ကြေးဘုရားလမ်းရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကြီးရုံးနှင့် တိုင်းပညာဝန်နေအိမ်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှာ လက်ရှိ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးသို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ယနေ့ ကျောင်းသက်တမ်း (၅၄)နှစ် ကျော်လောက်ရှိခဲ့ပါတယ်။ ကျောင်းမြေအကျယ်အဝန်းဟာ (၃၉၃.၉)ဧက ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ ကျောင်းကြီးဟာ ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက် နေ့မှာ ဖွံ့ဖြိုးရေး သိပ္ပံကနေ ဖွံ့ဖြိုးရေးတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ တက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံကို ပြန်လည်ကြည့်လိုက်ချိန်မှာ အရာထမ်း(၁၈၇)ဦး၊ အမှုထမ်း(၃၆၄)ဦး၊ စုစုပေါင်း (၅၅၁)ဦး ရှိခဲ့ပါတယ်။ နေ့စားဝန်ထမ်း (၄၀)ဦးရှိခဲ့ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းများမှာ မဟာပညာရေးဘွဲ့သင်တန်း၊ မဟာဒဿန(ပညာရေး)ဘွဲ့သင်တန်း၊ ပညာရေးဘွဲ့ (၁)နှစ်သင်တန်း၊ ပညာရေးဘွဲ့ ပေါင်းကူး(၂)နှစ်သင်တန်း၊ ပညာရေးဘွဲ့ (၄)နှစ်သင်တန်း၊ ဆရာအတတ်သင်ပညာဒီပလိုမာသင်တန်း၊ အထက်တန်းဆရာ အတတ်သင် သင်တန်း၊ အထူးမူလတန်း ဆရာအတတ်သင် သင်တန်း၊ မူလတန်းဆရာအတတ်သင် သင်တန်း စသည်ဖြင့် အဓိက သင်တန်း(၉)မျိုး ဖွင့်ခဲ့ပါတယ်။ ထို့အပြင် ဖွံ့ဖြိုးရေးဘာသာရပ်များ၊ အထူးဖွံ့ဖြိုးရေး ဘာသာရပ်များကိုလည်း သင်ကြား လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း ကျောင်းသား၊ ကျောင်းသူပေါင်း (၁၂၇၆၉)ဦး မွေးထုတ်နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ နိုင်ငံမှာ ရှိတဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာ နိုင်ငံ့တာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။ ဤကျောင်းတော်မှ မွေးထုတ်ပေးလိုက်တဲ့ သင်တန်းဆင်း ဆရာ၊ ဆရာမ၊ သင်တန်းသူ၊ သင်တန်းသား များဟာ အခု နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍများတွင်လည်း များစွာတာဝန်ထမ်းဆောင်လျက် ရှိကြောင်း တွေ့ရပါတယ်။ အဲဒီတက္ကသိုလ်ကြီးဟာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးနွယ်စုပေါင်း

(၉၂)မျိုး နှစ်စဉ်ပညာရည်မွေးထုတ်ပေးခဲ့တဲ့ တစ်ခုတည်းသော တက္ကသိုလ်ကျောင်းကြီးလည်း ဖြစ်ပါတယ်။ ပို့ချသင်ကြားပေးလျက်ရှိသော ဝန်ထမ်းများသည်လည်း အများအားဖြင့် တိုင်းရင်းသား လူမျိုးစုံပါဝင်လျက်ရှိပါတယ်။ နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုအတွက် အနှစ်သာရ အထူးဖော်ဆောင်ပေးသည့် တစ်ခုတည်းသော တက္ကသိုလ်တစ်ခုဟု ခေါ်ဆိုရင်လည်း မှားမည်မဟုတ်ချေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀)ကျော်ကတည်းက တည်ဆောက်ခဲ့တဲ့အတွက် တချို့သော အရာထမ်း၊ အမှုထမ်း ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်းဆောင်များနှင့် လက်တွေ့စာသင်ကျောင်းဆောင်များဟာ များစွာ ဟောင်းနွမ်းဆွေးမြည့် ယိုယွင်းလျက်ရှိကြောင်းတွေ့ရပါတယ်။ ဥပမိရုပ်များလည်း များစွာ ယိုယွင်းလျက်ရှိပါတယ်။ ၂၇-၂-၂၀၁၇ ရက်နေ့နှင့် ၂၈-၂-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဟာ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းသို့ ကွင်းဆင်းလေ့လာခဲ့ပါတယ်။ ဒါကြောင့် အမှုထမ်း၊ အရာထမ်း ဝန်ထမ်းအိမ်ရာများ၊ စာသင်ကျောင်းများနှင့် လက်တွေ့စာသင်ကျောင်းဆောင်များဟာ မဖြစ်မနေ အထူးမွမ်းမံတည်ဆောက်ရန် သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရပါတယ်။

ထို့ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ကနေတစ်ဆင့် သိရှိမေးမြန်း လိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးပေါင်းစုံ တစ်ခုတည်းသော ပညာဆည်းပူးရာဖြစ်တဲ့ ကျောင်းတော်ကြီးဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းမှာ ရှိနေတဲ့ ဟောင်းနွမ်းနေတဲ့၊ ဆွေးမြည့်နေတဲ့ အချို့သော ဝန်ထမ်းအိမ်ရာများ၊ အမှုထမ်းအိမ်ရာများနှင့် လက်တွေ့ကျောင်းဆောင်များ၊ စာသင်ကျောင်းဆောင်များကို မွမ်းမံတည်ဆောက်ရန် သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့် တကယ်လို့ရှိပါက မည်သည့်ခုနှစ်တွင် အကောင်အထည် ဖော်ဆောင်ရွက်မည်ကို သိရှိလိုကြောင်း အများပြည်သူအားလုံးကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဇဉ်ဘောင်းပြင်အုပ်စု၊ ဖရုံချောင်းကျေးရွာတွင် သွားလာမှုလွယ်ကူစေရန် အရှည် (၂၅၀)ပေရှိ ကြိုးတံတားတစ်စင်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဇဉ်ဘောင်းပြင်အုပ်စု၊ ဖရုံချောင်းကျေးရွာတွင် သွားလာမှု လွယ်ကူစေရန် အရှည် (၂၅၀)ပေရှိ ကြိုးတံတားတစ်စင်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်၏ တောင်ဘက် အစွန်ဆုံးတွင်တည်ရှိပြီး ပထဝီမြေအနေအထားအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသတစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသောဒေသဖြစ်သည်နှင့်အညီ ကျေးရွာချင်းဆက် လမ်း၊ တံတားများလည်း လိုအပ်နေလျက်ရှိပါသေးတယ်။ ယခု ကျွန်တော်တင်ပြမည့် ကြိုးတံတား တည်ဆောက်ရန် လိုအပ်သောကျေးရွာမှာ ဖရုံချောင်းကျေးရွာဖြစ်ပြီး အိမ်ခြေ(၄၇)အိမ်၊ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)ရှိသော ကျေးရွာလည်းဖြစ်ပါတယ်။ တင်ပြပါ ဖရုံချောင်းကျေးရွာနှင့် ဖရုံချောင်းဝကျေးရွာကြားတွင် ချောင်းတစ်ခုခြားနားလျက်ရှိပြီး မိုးရာသီတွင် မြစ်ရေကြီးခြင်း၊ ချောင်း ရေကြီး၍ ရေစီးသန်ခြင်းတို့ကြောင့် ကျောင်းသူ၊ ကျောင်းသားများ သွားလာရာတွင် အင်မတန် အခက် အခဲကြုံရပါတယ်။ အနီးဝန်းကျင်တွင် ဖရုံချောင်းဖျားကျေးရွာ၊ ဖရုံချောင်းဝကျေးရွာ (၂)ရွာရှိပြီး ၎င်း ကျေးရွာများရှိ အလယ်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားများသာမက ကျေးရွာအတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေး ကိစ္စကြီးငယ်များ ဆောင်ရွက်ရာတွင် အဆိုပါတံတားရှိပါက အဆင်ပြေစွာ ကူးလူးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျေးလက်ဒေသနေ ပြည်သူများဘဝ တိုးတက် ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှထောက်ရှု၍သော်လည်းကောင်း၊ အမှန်တကယ်လိုအပ်လျက်ရှိ သော တံတားတစ်စင်းလည်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ သက်ဆိုင်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ လည်း ကူညီဆောင်ရွက် ဖြည့်စွက်နိုင်လိမ့်မည်ဟု ယုံကြည်အားကိုးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဇဉ်ဘောင်းပြင်အုပ်စု၊ ဖရုံချောင်းကျေးရွာတွင် သွားလာမှုလွယ်ကူစေရန် ပေအရှည် (၂၅၀)ရှိ ကြိုးတံတားတစ်စင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ ရှမ်းပြည်နယ်၊ ဟိုပန် ခရိုင်၊ မိုင်းမောမြို့နယ် မိုင်းမော - ကလုံပါ - မွတ်လေး လမ်းပိုင်းမှ သဘာဝဘေးဒဏ်ကြောင့် ပျက်စီး သွားသော လမ်း၊ တံတားများကို မည်သည့်အစီအစဉ်မျိုးဖြင့် ပြန်လည်ပြုပြင်ခြင်း၊ မည်သည့်အချိန်

ကာလတွင် အပြီးသတ် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် မှ ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကျွန်တော်တို့ မိုင်းမော - ကလုံပါ - မွတ်လေး လမ်းအပိုင်းဟာ (၈၂)မိုင်ခန့် ရှည်လျားပါတယ်။ “ဝ” အထူးဒေသ(၂)အဖွဲ့မှ ၂၀၀၅ ခုနှစ်မှာ စတင်ပြီးတော့ ယခုအချိန်အထိ အဖွဲ့အစည်းအစီအစဉ်ဖြင့် ဖောက်လုပ်ခဲ့တဲ့ အကျယ်(၁၂)ပေရှိတဲ့ ကတ္တရာလမ်း အဆင့်ဖြစ်တယ်ဆိုတာလည်း သိရှိရပါတယ်။ အဆိုပါလမ်းဟာ ၂၀၁၇ ခုနှစ် ဇွန်လနဲ့ ဩဂုတ်လ အတွင်းမှာ မိုးသည်းထန်စွာရွာသွန်းပြီး မိုးရေတိုက်စားမှုကြောင့် အရှည်(၂၀)ပေခန့် ကတ္တရာလမ်း ပခုံးသား နိမ့်ဆင်းသွားခဲ့ပြီး မိုင်တိုင်(၄၄)နေရာရှိ (၄၀)ပေကွန်ကရစ်တံတားတစ်စင်းမှာ တံတား ချဉ်းကပ်ခုံ နိမ့်ဆင်းသွားကြောင်းနှင့် မိုင်တိုင်(၅၈)နေရာရှိ (၃၀)ပေကွန်ကရစ်တံတားတစ်စင်း ပျက်စီးမှုများဖြစ်ပေါ်ကြောင်း ဒေသရဲ့တင်ပြချက်အရ သိရှိရပါတယ်။ အဆိုပါလမ်းအပိုင်းဟာ ကျွန်တော်တို့ နယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များရှိကြောင်းကိုလည်း စိစစ်သိရှိရပါတယ်။ ဒါပေမယ့်လည်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ရှမ်းပြည်နယ်၊ ဟိုပန်ခရိုင်၊ မိုင်းမောမြို့နယ်၊ မိုင်းမော - ကလုံပါ - မွတ်လေး လမ်းပိုင်းမှ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားတဲ့ လမ်း၊ တံတားများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ရေးနဲ့ ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ထောက်ခံ တင်ပြလာပါက နယ်စပ်ဒေသဖွံ့ဖြိုးရေး (၅)နှစ်စီမံကိန်း ရန်ပုံငွေ လျာထားချက်တွင် နှစ်အလိုက်၊ အပိုင်းလိုက် အဆိုပြု ထည့်သွင်းလျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ မေးခွန်းနံပါတ်(၂)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အရေးပါသည့် ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းသစ် တစ်ခုဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းဟာ (၄၇)မိုင် (၆)ဖာလုံခန့် ရှည်လျားပြီး ရန်လုံကျိုင်းမှ လောက်ကိုင် အထိ (၇/၆)မိုင် လမ်းအပိုင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ပဲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လောက်ကိုင် - မန်တုံပါး မှ လူကော်ပါးအထိ မြေသားလမ်း(၂၀)မိုင်အားလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မန်တုံပါး - တာကျူကျိုင်း ကျောက်လမ်း(၅)မိုင်တို့ကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လောက်ကိုင် - ရှောက်ရွှေကျင် ကျောက်လမ်း(၅)မိုင်ကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တာကျူကျိုင်း - တောက်ရွှေ ကျောက်လမ်း(၅)မိုင်ကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်တဲ့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ခွင့်ပြုငွေကျပ်(၅၈.၀၀)သန်းဖြင့် တာကျူကျိုင်း - တောက်ရွှေ မြေလမ်း(၂)မိုင်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်ပါ ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းသစ် ဖောက်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရန်လုံကျိုင်း -

လောက်ကိုင် - မန်တုံပါး - တောက်ရွှေအထိလမ်းပိုင်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆) လတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး ကျန်ရှိသည့် တောက်ရွှေ - ကွမ်းလုံလမ်းပိုင်းကိုလည်း ဆက်လက်၍ ဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ (၁၂)လတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားလမ်း(၅)မိုင်ကို ဆောင်ရွက်ပေးမှာဖြစ်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေဖြင့် မြေသားလမ်း(၁၀)မိုင်ကိုလည်း အသီးသီးအဆိုပြု လျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း ရဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာရှိတဲ့ ဟောင်းနွမ်းဆွေးမြည့် ပျက်စီးလျက်ရှိတဲ့ တချို့သော အရာထမ်း၊ အမှုထမ်း ဝန်ထမ်းအိမ်ရာများနှင့် စာသင်ကျောင်းများ၊ လက်တွေ့ကျောင်းဆောင်များကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရန်၊ အသစ်ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ/မရှိနဲ့ပတ်သက်၍ လက်ရှိအနေအထားမှာတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း ဒီဟာတွေကို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ကျွန်တော်တို့ ၁-၄-၂၀၁၂ ရက်နေ့မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ထံမှ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းလက်ခံခဲ့ပါတယ်။ အဆိုပါ လွှဲပြောင်းလက်ခံပြီးတဲ့နောက်ပိုင်းမှာ မဟာပညာရေးဘွဲ့ (၂)နှစ်သင်တန်း၊ ပညာရေးဘွဲ့ (၅)နှစ်သင်တန်း၊ ဆရာအတတ်သင်ပညာ ဒီပလိုမာသင်တန်း၊ မူလတန်းဆရာအတတ်သင် (၃)နှစ်သင်တန်းများကို ပြန်လည်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ၂၀၁၇ ခုနှစ်အထိ သင်တန်းဆင်း ဆရာ၊ ဆရာမ (၆၃၅)ဦးကို ကျွန်တော်တို့ လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ရောက်ရှိချိန်ကနေစပြီးတော့ ကျွန်တော်တို့ တက္ကသိုလ်မှာရှိတဲ့ အဆောက်အဦများကို ကျွန်တော်တို့ နှစ်စဉ်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ငွေလုံးငွေရင်းအသုံးပြု ခွင့်ပြုငွေ၊ ရန်ပုံငွေကျပ်(၅၅၅၄.၉၉၅)သန်း၊ သုံးထပ်စာသင်ဆောင်(၂)ဆောင်၊ တစ်ထပ်စာသင်ဆောင် (၁)ဆောင်၊ နှစ်ထပ်အိပ် ဆောင်(၄)ဆောင်၊ စားရိပ်သာ(၃)လုံး၊ ပါမောက္ခချုပ်နေအိမ်(၁)လုံး၊ လေးခန်းတွဲရေလောင်းအိမ်သာ(၂)လုံး စသည်ဖြင့် လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ သာမန်အသုံးစရိတ်ကနေပြီးတော့ ခွင့်ပြုရန်ပုံငွေကျပ်(၂၃၆.၇၉၀)သန်းဖြင့် ဝန်ထမ်းအိမ်ရာတွေ၊ စာသင်ကျောင်းတွေ၊ အိပ်ဆောင်တွေ၊ အဆောက်အဦတွေနောက်တစ်ခါ ရေ၊ မီး၊ မိလ္လာနဲ့ လမ်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့ ချိန်းလင့်ခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်ရေစင် တည်ဆောက်ခြင်း၊ ကတ္တရာခင်းခြင်း၊ အားကစားရုံ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများအတွက် ကျွန်တော်တို့ ယခုလ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လတွင် ရန်ပုံငွေကျပ်(၂၃၄.၉၈၈)သန်းဖြင့် ခွင့်ပြုပါရှိပြီး လုပ်ငန်းများကိုလည်း ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လ ရန်ပုံငွေလျာထားချက်တွင် စုစုပေါင်း စာသင်ခန်းမ(၁)လုံး၊ သုံးထပ်စာသင်ဆောင်(၁)ဆောင်နဲ့ စားရိပ်သာ(၁)လုံး၊ လေးခန်းတွဲ သုံးထပ် အမှုထမ်းနေအိမ်(၁)လုံးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ငွေကျပ်(၁၅၀၄.၁၅၂)သန်း အား အဆိုပြု လျာထားပြီးဖြစ်ပါတယ်။ သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့အချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် အဟောင်းပြုပြင်မွမ်းမံခြင်း၊ အသစ်ဆောက်လုပ်ခြင်း လုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့သကဲ့သို့ နောက်ဘဏ္ဍာရေးနှစ်မှာလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်ရန်လိုအပ်တဲ့ အမှုထမ်း၊ အရာထမ်းများရဲ့အိမ်ရာ၊ သင်ကြားရေးဆိုင်ရာ အဆောက်အဦများကို ဘဏ္ဍာနှစ်အလိုက် ဦးစားပေးအစီအစဉ်များဖြင့် ရန်ပုံငွေလျာထား ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ မေးခွန်းနံပါတ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဇဉ်ဘောင်းပြင်အုပ်စု၊ ဖရုံချောင်းကျေးရွာမှာ သွားလာမှု လွယ်ကူ စေရန် အရှည် (၂၅၀)ပေရှိ ကြိုးတံတားကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းကို မေးမြန်းလာပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကတော့ ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသများရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်း ရေးဆွဲပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၆၃၃.၄၉၉)သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၆၇၁၆.၈၅၃၁)သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ (၆)လမှာ ငွေကျပ်(၂၆၃၄.၁၉) သန်းဖြင့်လည်းကောင်း ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ(၁၂)လတွင်လည်း လမ်း၊ တံတားလုပ်ငန်းများအတွက် ငွေကျပ် (၇၂၉၈.၄၀၂)သန်း၊ စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ်(၃၄၀.၄၀၀)သန်း၊ ရေရရှိရေးလုပ်ငန်းအတွက် ငွေကျပ်(၄၀၂.၅၀၀)သန်း၊ စုစုပေါင်းငွေကျပ်(၈၀၄၁.၃၀၂)သန်းကို အဆိုပြု လျာထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ပလက်ဝမြို့နယ်၊ ဇဉ်ဘောင်းပြင်အုပ်စု၊ ဖရုံချောင်းကျေးရွာ မှာ သွားလာမှုလွယ်ကူစေရန် အရှည်(၂၅၀)ပေရှိ ကြိုးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေး အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆိုပြုလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါ

တယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အသက်(၇၀)နှစ်ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစား သက်ကြီးရွယ်အို ပင်စင်စားများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲပင်စင် အပြီးပြတ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ က အသက်(၇၀)နှစ်ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစား သက်ကြီးရွယ်အို ပင်စင်စားများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲပင်စင် အပြီးပြတ်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ အသက် (၇၀)နှစ်ပြည့်ပြီးတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား သက်ကြီးရွယ်အို ပင်စင်စားများအား နိုင်ငံတော်မှ တစ်လုံးတစ်ခဲပင်စင် အပြီးပြတ်ထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ကယားပြည်နယ်ကို အခြေခံပြီးတော့မှ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းရှိ ဌာနဆိုင်ရာအသီးသီးမှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြတဲ့ ပင်စင်စားများဟာ နိုင်ငံအနှံ့ ကျေးလက်ဒေသ၊ မြို့ ရွာနေရာဒေသအသီးသီးမှာ နေထိုင်လျက် ရှိပါတယ်။ အများအားဖြင့် သက်ကြီးရွယ်အိုပိုင်းတွေ ဖြစ်ကြပြီးတော့ ကျန်းမာရေးချို့ယွင်း ကျဆင်းနေသူများ ဖြစ်သည်ကိုလည်း တွေ့ရပါတယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ကယားပြည်နယ်ဟာ ခရိုင်(၂)ခုနဲ့ဖွဲ့စည်းပြီးတော့ လွိုင်ကော်ခရိုင်မှာ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော မြို့(၄)မြို့နဲ့ ဖွဲ့စည်းထားပါတယ်။ ၎င်းမြို့(၄)မြို့မှာ လွိုင်ကော်မြို့ တစ်မြို့တည်း၌သာ မြန်မာ့စီးပွားရေးဘဏ်ရှိတဲ့အတွက် အငြိမ်းစား ပင်စင်လစာများကို စုပေါင်းပြီးတော့ လာရောက်ထုတ်ယူကြရတာ ဖြစ်ပါတယ်။ အငြိမ်းစား ပင်စင်စားများဟာ အသက်ကြီးလာတာနှင့်အမျှ ကျန်းမာရေးချို့ယွင်းလာခြင်း၊ မြို့နှင့်အလှမ်းဝေးပြီး ကျေးလက်တောရွာတွင် နေထိုင်တဲ့ ပင်စင်စားများအတွက် သွားလာရေးခက်ခဲခြင်း အထူးသဖြင့် မြို့နယ် (၄)မြို့နယ်အတွက် ဘဏ်တစ်ခု၌သာ စုပေါင်းထုတ်ယူနေရတဲ့အတွက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ အသွားအပြန် ကုန်ကျစရိတ်များပြားခြင်း စတဲ့အခက်အခဲတွေနဲ့ ပင်စင်စားအများစု ရင်ဆိုင်ကြုံတွေ့နေရတာကိုလည်း တွေ့ရပါတယ်။

အဲဒါကြောင့် သက်ဆိုင်ရာဌာနမှ စာရင်းထိန်းသိမ်းမှု လျော့ကျသက်သာစေရေးနဲ့ ပင်စင်စားများရဲ့လိုအင်ဆန္ဒ ပြည့်ဝနိုင်ရေးအတွက် အသက်(၇၀)နှစ် ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစား ပင်စင်စားများအား နိုင်ငံတော်မှ တစ်လုံးတစ်ခဲ ပင်စင် အပြီးပြတ် ထုတ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်းဘဏ္ဍာရေးဆိုင်ရာ ငွေကြေးဝန်ဆောင်မှုစနစ်များကို သတင်းအချက်အလက် ပေါက်ကြားမှုနှင့် ဆိုက်ဘာ တိုက်ခိုက်ခံရမှုများမရှိဘဲ ပြည်သူအများ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် ခိုင်မာသော နည်းပညာလုံခြုံရေး အစီအမံများ ဆောင်ရွက်ထားရှိစေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားထိန်းသိမ်း စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က မြန်မာနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်းဘဏ္ဍာရေးဆိုင်ရာ ငွေကြေးဝန်ဆောင်မှုစနစ်များကို သတင်းအချက်အလက် ပေါက်ကြားမှုနှင့် ဆိုက်ဘာ တိုက်ခိုက်ခံရမှုများမရှိဘဲ ပြည်သူအများ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် ခိုင်မာသော နည်းပညာလုံခြုံရေး အစီအမံများ ဆောင်ရွက်ထားရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထိန်းသိမ်း ညွှန်ကြား စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးလာနေတဲ့ မိုဘိုင်း ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးဝန်ဆောင်မှုစနစ်များရဲ့ ဆိုက်ဘာလုံခြုံရေးနဲ့ ပတ်သက်တဲ့ကိစ္စကို မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ယခုအခါတွင် မိုဘိုင်းငွေပေးချေတဲ့ စနစ်တွေ၊ မိုဘိုင်းဘဏ်စနစ်တွေ၊ အွန်လိုင်းကုန်သွယ်မှုစနစ်တွေ စတဲ့ဘဏ္ဍာရေးဆိုင်ရာ Online Digital ငွေကြေးဝန်ဆောင်မှုစနစ်များဟာ အရှိန်အဟုန်နဲ့ကို ဖွံ့ဖြိုးလာနေပါတယ်။ ဒီနေရာမှာ ငွေကြေးဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများနဲ့ သုံးစွဲသူပြည်သူများအတွက် နည်းပညာလုံခြုံရေးဟာ အလွန်အရေးကြီးပါတယ်။ မိမိတို့အသုံးပြုတဲ့ ကွန်ပျူတာစနစ်တွေ၊ မိမိတို့ရဲ့ သတင်းအချက်အလက် တွေကို ဖျက်ဆီးခံရမယ်။ ပေါက်ကြားခံရမယ်ဆိုရင် လုပ်ငန်းရှင်တွေသာမကဘဲနဲ့ အသုံးပြုသူများ အတွက်လည်း အလွန်ထိခိုက်နစ်နာနိုင်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ အသုံးပြုနေကြတဲ့ လုပ်ငန်းသုံး Software အများစုဟာ Open Source တွေကနေရတဲ့၊ လိုင်စင်ကြေး ပေးစရာမလိုတဲ့ လိုင်စင်မဲ့ Pirated Version Software တွေကို အသုံးပြုနေကြတာပါ။ ဒီလို လိုင်စင်မဲ့ Version တွေဟာ Global Team တွေရဲ့ အထောက်အပံ့၊ အကူအညီမရတဲ့အတွက် ကိုယ်တိုင်ပဲ ကြပ်မတ်ထိန်းကျောင်း

ရတာပါ။ မြန်မာပြည်မှာ အဲဒီလိုကြပ်မတ်ထိန်းကျောင်းနိုင်တဲ့ ကျွမ်းကျင်ပညာရှင် ရှားပါးပါတယ်။ လိုအပ်တဲ့အခြေခံအဆောက်အဦတွေ ချို့တဲ့ပါတယ်။ ဒါကြောင့်လည်း Microsoft ရဲ့ စစ်တမ်းအရ မြန်မာနိုင်ငံဟာ Malware လို့ခေါ်တဲ့ ကွန်ပျူတာနဲ့ ကွန်ပျူတာစနစ်များကို အန္တရာယ်ပြုတဲ့ Software များဖြင့် တိုက်ခိုက်ခံနိုင်ရခြေ အများဆုံး(၅)နိုင်ငံထဲမှာ ပါဝင်နေပါတယ်။ ၂၀၁၇ ခုနှစ် အကုန်ပိုင်းမှာ တူရကီအခြေစိုက် Hacker များက မြန်မာအစိုးရဝန်ကြီးဌာနရဲ့ Website တွေကို တိုက်ခိုက်နိုင်ခဲ့ခြင်းက သက်သေပါပဲ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခဲ့သလို လိုင်စင်ကြေးသက်သာတဲ့ Software အသုံးပြုထားတဲ့ စက်တွေက လုံခြုံမှုလုံးဝမရှိပါဘူး။ Pirated ဖြစ်အောင်လုပ်ထားတဲ့ သက်ဆိုင်ရာ Program တွေထဲမှာ ဘာတွေပါသလဲဆိုတာလည်း မသိနိုင်ပါဘူး။ အသုံးပြုသူရဲ့ အချက်အလက်တွေကို ခိုးယူနိုင်တဲ့စနစ်တွေကို ထည့်သွင်းထားနိုင်သလို၊ အသုံးပြုသူရဲ့ဖိုင်တွေကို တစ်နေရာရာကနေ ဖျက်ဆီး ပစ်နိုင်တဲ့ Virus တွေ၊ အချက်အလက်အမှားတွေ Spamming တွေလည်း ထည့်သွင်းထားနိုင်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၉ ရက်နေ့က Cyber ရာဇဝတ်မှုခေါင်းဆောင် ရုရှားလူမျိုး ဆာဗေးမက်ဗီဒက် ကို ထိုင်းနိုင်ငံမှာ ဖမ်းဆီးရမိပါတယ်။ သူ့ရဲ့အွန်လိုင်းကွန်ရက် Infrud Organization အဖွဲ့ဟာ အချက်အလက်တွေကို ဖောက်ထွင်းခိုးယူပြီးတော့ အွန်လိုင်းငွေကြေးစနစ်တွေကနေ အမေရိကန် ဒေါ်လာသန်း(၅၃၀)တောင် ခိုးထုတ်သွားနိုင်တယ်လို့ သတင်းများက ဆိုပါတယ်။ အာရှနိုင်ငံများရှိ ဘဏ်များထဲက ငွေတွေကို အွန်လိုင်းကနေတစ်ဆင့် ခိုးထုတ်နေတဲ့ ထိုင်ဝမ်နဲ့ ထိုင်းနိုင်ငံသား(၂၅)ဦး ပါဝင်တဲ့ ငွေခိုးဂိုဏ်းကိုလည်း မတ်လ ၂၅ ရက်နေ့က ဒူဘိုင်းမှာ ဖမ်းမိတဲ့ သတင်းကိုလည်း ဖတ်ရှုရ ပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ အဲဒီလို ဆိုက်ဘာရာဇဝတ်မှု လုပ်တတ်တဲ့ နိုင်ငံခြားသားအချို့ ရောက်ရှိလာပြီးတော့ ATM စက်တွေကနေ ငွေခိုးထုတ်ယူမှုတွေ ဖြစ်ပွားတာတွေ မကြာခဏ ကြားသိ နေရပါတယ်။ ပြီးခဲ့တဲ့ ဧပြီလ ၂၄ ရက်နေ့က ကျွန်တော့်မဲဆန္ဒနယ်မြေ တစ်ခုဖြစ်တဲ့ မန္တလေးတိုင်း ဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်မှာရှိတဲ့ အွန်လိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Wave Money) ကိုယ်စားလှယ်များထံကနေ Verification Code တွေကို ခိုးယူပြီးတော့ အကောင့်အတုတွေကနေ ငွေခိုးထုတ်ယူမှုတွေ ဖြစ်ပွားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အွန်လိုင်း ဘဏ္ဍာရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများဟာ အခုမှ အရှိန်ယူခါစ ဖွံ့ဖြိုးဆဲအခြေအနေမှာပဲ ရှိပါသေးတယ်။ အသုံးပြုသူ ပြည်သူတွေရဲ့ ယုံကြည်မှုရအောင် တည်ဆောက်ဆဲကာလ ဖြစ်ပါတယ်။ ဒီလို အခြေ အနေမှာ နည်းပညာလုံခြုံရေးကို အလေးထားပြီးတော့ ဆိုက်ဘာတိုက်ခိုက်ခံရခြင်းတွေ မဖြစ်အောင် ကြိုတင်ပြင်ဆင် ကာကွယ်ထားနိုင်ဖို့ များစွာလိုအပ်ပါတယ်။ ဒီလိုနည်းပညာလုံခြုံမှု အားနည်းနေပြီး တော့ ဆိုက်ဘာတိုက်ခိုက်ခံနိုင်ရခြေ မြင့်မားတဲ့အခြေအနေတွေကြောင့် လက်ရှိမိုဘိုင်း ဘဏ္ဍာရေး ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုစနစ်များကို အသုံးပြုတဲ့ ပြည်သူတွေဟာ စိုးတထိတ်ထိတ်နဲ့ မဝံ့မရဲသာ လျှင် အသုံးပြုနေကြရပါသဖြင့် နိုင်ငံတော်နဲ့ ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုသည်မှာ မြန်မာနိုင်ငံ၏ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာနေသော မိုဘိုင်းဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုစနစ်များကို သတင်းအချက်အလက် ပေါက်ကြားမှုနှင့် ဆိုက်ဘာ တိုက်ခိုက်ခံရမှုများမရှိဘဲ

အများပြည်သူ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် ခိုင်မာသော အစီအမံများ ဆောင်ရွက်ထား ရှိစေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အပါအဝင် တာဝန်ရှိဌာနများမှ ကြပ်မတ်ညွှန်ကြား ထိန်းသိမ်းစီစဉ် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။

ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ရဲ့ အသက်(၇၀)နှစ် ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစား သက်ကြီးရွယ်အို ပင်စင်စားများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲတည်း ပင်စင် အပြီးအပြတ်ထုတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ပြန်လည်ရှင်းလင်း ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၄၂ တွင် **"ပင်စင်ကို ဘဏ္ဍာရေးဝန်ကြီး ဌာနက သတ်မှတ်ခွင့်ပြုသည့် နှုန်းထားအတိုင်း တစ်လုံးတစ်ခဲတည်း ပင်စင်အဖြစ် လဲလှယ်ခွင့်ပြုနိုင် သည်"**ဟု ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၅၂၊ နည်းဥပဒေခွဲ (ပ)တွင် **"တစ်လုံးတည်း ပင်စင်အဖြစ် လဲလှယ်ခဲ့သည့် လက်ရှိတန်ဖိုးငွေ တွက်ချက်ရာတွင် ပြန်လည်တာဝန် ထမ်းဆောင်သည့် ရာထူးမှ အငြိမ်းစားယူသည့်နေ့တွင်ရှိသည့် အသက်ကို အခြေခံ၍ သတ်မှတ် ထားသော ပင်စင်လဲလှယ်မှု ဇယား(၆)ပါ သတ်မှတ်ကာလအပေါ် တွက်ချက်ရမည်"** ဟုလည်း ပြဋ္ဌာန်း ထားပါတယ်။ တစ်လုံးတစ်ခဲတည်း ပင်စင်နဲ့ပတ်သက်၍ သမိုင်းကြောင်းကို ပြန်လည်လေ့လာတဲ့အခါမှာ ၁ - ၉ - ၁၉၃၇ ရက်နေ့မှာ မြန်မာနိုင်ငံမြို့ပြဆိုင်ရာ တစ်လုံးတည်းပင်စင် လဲလှယ်ရေး နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတဲ့နောက် အသက်(၈၀)နှစ်အထက် ကျော်လွန်ခြင်းမရှိတဲ့ အငြိမ်းစား (မိသားစုပင်စင်နှင့် နိုင်ငံရေးပင်စင်တို့မှအပ) များအား ၎င်းတို့ရဲ့ ဆန္ဒအလျောက် ပင်စင်လစာ၏ ထက်ဝက်ထက်မပိုသည့် ပမာဏကို တစ်လုံးတည်း လဲလှယ်ခွင့်ပြုခဲ့ပြီး အကယ်၍ ပင်စင်လစာသည် ကျပ်(၂၅)အောက် လျော့နည်းပါက ကျပ်(၂၅)အထိ တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ပြုခဲ့သည်ကို တွေ့ရှိရပါတယ်။

ထို့နောက် ၁၉၇၂ ခုနှစ်၊ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှုန်းထားများကို တိုးမြှင့် ပြင်ဆင်သတ်မှတ်ခဲ့စဉ်အချိန်က အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်ငွေများ တစ်လုံးတည်း လဲလှယ်

ခွင့်နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၏ ၇-၅-၁၉၇၃ ရက်စွဲပါ စာအမှတ် ဘ-၁(၆)/၁၅/(၂၃၅/၇၃) အမှာစာဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ရာတွင် အောက်ပါအတိုင်း ခွင့်ပြုခဲ့သည်ကို တွေ့ရှိရပါတယ်။ (က) ပင်စင်လစာငွေ ကျပ်(၁၀၀)ထက် မပိုသူများအား ပင်စင်လစာ၏ (၅၀)ရာခိုင်နှုန်းအထိ တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ပြုရန်၊ အကယ်၍ ပင်စင်၏(၅၀)ရာခိုင်နှုန်းသည် ငွေကျပ်(၂၅)မပြည့်လျှင် ကျပ်(၂၅)အထိ လဲလှယ်ခွင့်ပြုရန်၊ (ခ) ပင်စင်လစာငွေ ကျပ်(၁၀၀)ထက်ပိုသော ပင်စင်လစာများအား အများဆုံးငွေကျပ် (၅၀)အထိသာ လဲလှယ်ခွင့်ပြုရန်ဟု ဖြစ်ပါတယ်။ ဝန်ထမ်းများ အငြိမ်းစားယူတဲ့အခါမှာ နိုင်ငံတော်မှ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေအဖြစ် လုပ်သက်ဆုငွေ ခံစားခွင့်ရှိပါတယ်။ လုပ်သက်ဆုငွေကို တွက်ချက်ရာတွင် နောက်ဆုံးထုတ်လစာနှင့် လုပ်သက်ကို မြှောက်ခြင်းအားဖြင့် ရရှိပါတယ်။ ပင်စင်လစာကို ပင်စင်နည်းဥပဒေအတိုင်း တွက်ချက်ပြီး လစဉ်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ တစ်လုံးတည်းပင်စင် လဲလှယ်ခြင်းကို အငြိမ်းစားဝန်ထမ်းများရဲ့ အခက်အခဲကို ဖြေရှင်းပေးတဲ့အနေနဲ့ လစဉ်ထုတ်ယူခွင့်ရှိတဲ့ ပင်စင်လစာထဲမှ အစိတ်အပိုင်းတစ်ရပ်ကို ဥပဒေနဲ့အညီ တွက်ချက်၍ ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။

ယင်းသို့ ခွင့်ပြုရာတွင် နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ လုံလောက်မှု အခြေအနေအတိုင်း အတာအရသာ ခွင့်ပြုနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ အခြေအနေအရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးရခြင်းဖြစ်ပါတယ်။ အငြိမ်းစားများအနေဖြင့် တစ်လုံးတည်းပင်စင် လဲလှယ်ခြင်းအားဖြင့် လဲလှယ်တဲ့အချိန်မှာ ပမာဏတစ်ရပ်အထိ ငွေတစ်လုံးတစ်ခဲတည်း ရရှိနိုင်သော်လည်း ရေရှည်မှာ ပုံမှန်ဝင်ငွေ ရရှိမှုကို ထိခိုက်လာနိုင်ပြီး စားဝတ်နေရေး အသုံးစရိတ်အတွက် ထိခိုက်လာနိုင်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများကို အခါအားလျော်စွာ လစာတိုးမြှင့်မှုနဲ့အတူ ပင်စင်လစာများ တိုးမြှင့်ပေးတဲ့အခါမှာ လဲလှယ်ပေးထားတဲ့ ပမာဏအတွက် တိုးမြှင့်ခံစားနိုင်ခြင်းမရှိဘဲ လဲလှယ်ပြီးတဲ့နောက် ကျန်ရှိသည့် ပင်စင်လစာ ပမာဏကိုသာ အချိုးကျ ခံစားနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဘက်က ကြည့်ပါကလည်း ရေရှည်ပင်စင်လစာ ပေးနေရခြင်းမှာတော့ သက်သာနိုင်ပြီး လတ်တလော တစ်လုံးတစ်ခဲတည်း ပေးရခြင်းကတော့ အသုံးစရိတ်များစွာ သုံးစွဲရမှာဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် တစ်လုံးတည်း ပင်စင်လဲလှယ်ခွင့်ကို သတ်မှတ်နိုင်ဖို့အတွက် တွက်ချက်သုံးသပ်မှုများ ပြုလုပ်ခဲ့စဉ်က လက်ရှိအချိန်မှာ တစ်လုံးတည်း ပင်စင်လဲလှယ်ခွင့်ရှိတဲ့ ဦးရေစုစုပေါင်း(၄၁၇၁၃၉)ဦး၊ ၎င်းတို့ကို ကျပ်(၂၅၀၀)အထိ လဲလှယ်ခွင့်ပြုမည်ဆိုပါက ကျပ်(၁၂၄.၇၇)ဘီလီယံ၊ ကျပ်(၂၀၀၀၀)အထိ လဲလှယ်ခွင့်ပြုမည်ဆိုပါက ကျပ်(၉၁၀.၆၀) ဘီလီယံနဲ့ ကျပ်(၅၀၀၀၀) လဲလှယ်ခွင့်ပြုမည်ဆိုပါက (၁၉၆၁.၆၉) ဘီလီယံအထိ ကုန်ကျမည်ဖြစ်သည်ကို တွက်ချက်ရရှိပါတယ်။ သို့ဖြစ်ရာ တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်ကို မည်သည့် ငွေပမာဏအထိ လဲလှယ်ခွင့်ပြုနိုင်မည်၊ မည်သည့်အသက်အပိုင်းခြားအထိ လဲလှယ်ခွင့်ပြုနိုင်မည် စသည်တို့အပါအဝင် အကန့်အသတ်ဖြင့် ခွင့်ပြုခြင်းကို နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်လာမှုအပေါ်မှာ မူတည်ပြီးတော့ သုံးသပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ တစ်လုံးတစ်ခဲတည်း ပင်စင်ခံစားခွင့်နဲ့ ပတ်သက်ပြီးတော့

တည်ဆဲ အမိန့်၊ ညွှန်ကြားချက်များအပေါ်မှာ ပြင်ဆင်နိုင်မှု မရှိသေးပါဘူး။ အငြိမ်းစားဝန်ထမ်းဦးရေ စုစုပေါင်းအရေအတွက်ဟာ ၃၁-၃-၂၀၁၈ ရက်နေ့ အခြေအနေအရ (၉၃၈၅၁၁)ဦးရှိပြီးတော့ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်က ကျခံသုံးစွဲခဲ့ရတဲ့ ပင်စင်လစာနဲ့ ဆုကြေးအသုံးစရိတ်ဟာ ကျပ်(၇၄၂)ဘီလီယံခန့် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အသက်(၇၀)နှစ်ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲတည်းပင်စင် အပြီးအပြတ် ထုတ်ပေးနိုင်ရန် လောလောဆယ်မှာ အစီအစဉ် မရှိသေးပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ ပင်စင်ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ရဲ့ မြန်မာနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်း ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးဝန်ဆောင်မှုစနစ်များကို သတင်းအချက်အလက် ပေါက်ကြားမှုနှင့် ဆိုက်ဘာ တိုက်ခိုက်ခံရမှုများမရှိဘဲ ပြည်သူအများစိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် ခိုင်မာသော နည်းပညာလုံခြုံရေး အစီအမံများ ဆောင်ရွက်ထားရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားထိန်းသိမ်းစီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအပေါ် မှာ ရှင်းလင်းဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (Mobile Financial Services-MFS) ဆိုသည်မှာ မိုဘိုင်းနည်းပညာကို အသုံးပြုပြီးတော့ ငွေပေးချေမှုပြုလုပ်ခြင်း၊ ငွေရေး ကြေးရေး ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဖြစ်ပါတယ်။ မိုဘိုင်းဖုန်းအသုံးပြု၍ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ပစ္စည်းဝယ်ယူမှုနှင့် ဝန်ဆောင်မှု ရယူသုံးစွဲခြင်းများအတွက် ငွေပေးချေခြင်း၊ ဝန်ထမ်း လစာများ ထုတ်ပေးခြင်း၊ သက်သာချောင်ချိရေး လူမှုထောက်ပံ့ငွေများ ထုတ်ပေးခြင်း၊ ငွေကြေးများ လွှဲပြောင်းခြင်း၊ ဝန်ဆောင်မှု Bill များအတွက် ငွေပေးချေခြင်း၊ Top up ပြုလုပ်ခြင်း စသည့် ဝန်ဆောင်မှုများ ပါဝင်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ၊ ဘဏ္ဍာရေးကဏ္ဍမှာ အတိုကောက်အားဖြင့် (Fin-tech) လို့ ခေါ်နေကြတဲ့ (Financial Technologies) များဟာ တိုးတက်ပြောင်းလဲလာတဲ့ ဒီဂျစ်တယ် နည်းပညာများနှင့်အညီ များစွာ ပြောင်းလဲတိုးတက်လာခဲ့ပြီ ဖြစ်ပါတယ်။

ထို့အတူ မြန်မာနိုင်ငံမှာလည်း ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီးတော့ မိုဘိုင်းဖုန်း များ တွင်ကျယ်စွာ အသုံးပြုလာနိုင်မှုကြောင့် မိုဘိုင်းဖုန်း ငွေပေးချေမှုစနစ်(Mobile Payment)၊ မိုဘိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှု (Mobile Banking)၊ မိုဘိုင်း ငွေရေးကြေးရေးလုပ်ငန်းဝန်ဆောင်မှု (Mobile Financial Services)တို့ကို စနစ်တကျ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ် ငွေရေး ကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၅၂ ပုဒ်မခွဲ (ထ)အရ ကူးသန်းရောင်းဝယ်ရေးဘဏ်များ အနေဖြင့် မိုဘိုင်းဘဏ်လုပ်ငန်းကို ဆောင်ရွက်ခွင့်ရှိပါတယ်။ ယင်းဘဏ်များသည် ၃-၁၂-၂၀၁၃ ရက်နေ့မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့တဲ့ မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်

အမှတ် (၄/၂၀၁၃) နှင့်အညီ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယင်းဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ(ဆ) အရ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ အရ ကုမ္ပဏီသီးခြားတည်ထောင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင် လက်မှတ် လျှောက်ထားရမည်ဖြစ်ပြီးတော့ ခွင့်ပြုချက်ရရှိပါက မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ပါတယ်။ ယင်း အဖွဲ့အစည်းများသည် ၃၀-၃-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့တဲ့ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု ဆောင်ရွက်တဲ့ လုပ်ငန်းကို အောက်ပါအတိုင်း (၃)မျိုး တွေ့ရပါတယ်။ ၎င်းတို့မှာ (၁) ဘဏ်များက ဆောင်ရွက်တဲ့ မိုဘိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှု၊ (၂) ဆက်သွယ်ရေး အော်ပရေတာများ (Telecom Operators) များက ဆောင်ရွက်သည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု၊ (၃) ဘဏ်မဟုတ်သော မိုဘိုင်းငွေရေး ကြေးရေး ဝန်ဆောင်မှု ဆောင်ရွက်သည့် အဖွဲ့အစည်းများရဲ့ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုတို့ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဘဏ်(၇)ခု၊ ဆက်သွယ်ရေးအော်ပရေတာ (၂)ခုနဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေး ကုမ္ပဏီ(၁)ခုတို့က မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက် ရှိကြပါတယ်။ နောက်ထပ် ဆက်သွယ်ရေးအော်ပရေတာ (၂)ခုကလည်း မိုဘိုင်းငွေရေးကြေးရေး လုပ်ငန်း ဆောင်ရွက်ခွင့်ကို တင်ပြရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ဆက်သွယ်ရေး အော်ပရေတာများနဲ့ ဘဏ်များက ဆောင်ရွက်တဲ့ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းမှာ ၎င်းတို့သည် မြန်မာနိုင်ငံအနှံ့ ကိုယ်စားလှယ် (Agent)များ ခန့်ထားဆောင်ရွက်ကြသည်ကို တွေ့ရှိ ရပါတယ်။ ၎င်းကိုယ်စားလှယ်များထံတွင် ငွေသွင်းခြင်း၊ ငွေထုတ်ခြင်းများကို လုပ်ဆောင်နိုင်ကြပါတယ်။ ယင်းသို့ ဆောင်ရွက်ရာတွင် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများနဲ့ ယင်းလုပ်ငန်းနှင့် ဆက်နွှယ်နေတဲ့ ကိစ္စရပ်များအားလုံးကို မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု ဆောင်ရွက်ပေးသူက ဥပဒေအရ တာဝန်ခံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယင်းသို့ တာဝန်ခံရတဲ့အတွက် မိုဘိုင်းငွေရေး ကြေးရေး ဝန်ဆောင်မှုပေးသူဟာ အောက်ဖော်ပြပါ စနစ်များနှင့် ထိန်းချုပ်ကွပ်ကဲမှုများကို အနည်းဆုံး မဖြစ်မနေ ထားရှိကြမှာဖြစ်ပါတယ်-

ဒါတွေကတော့ (က) လုံလောက်တဲ့ ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်များ၊ အားကောင်း ခိုင်မာတဲ့ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် စာရင်းကိုင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ (ခ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေတို့အရ ဌာနတွင်းမူဝါဒများ၊ လုပ်ထုံး လုပ်နည်းများနဲ့ တာဝန်ခံရမည့်ကိစ္စရပ်များ၊ (ဂ) ပြည့်စုံလုံလောက်သည့်လုပ်ငန်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မည့် အစီအမံများနှင့် သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေးအစီအမံများ၊ (ဃ) လုံခြုံမှုဆိုင်ရာအစီအမံများ အရေးကြီးသည့် စနစ်များအား ကာလအလိုက် ပြန်လည်သုံးသပ် နိုင်ရန်နှင့် ထိရောက်သော စာရင်းစစ်လုပ်ငန်းအစီအစဉ် တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူဟာ မိမိနဲ့ ဆက်သွယ် ဆောင်ရွက်သူများ (Customer) ထံကနေပြီးတော့ မိုဘိုင်းစာရင်းကို ကြိုတင်ပေးသွင်းထားငွေများ

ဖြစ်တဲ့ (Float Money) နဲ့ ညီမျှတဲ့ ငွေပမာဏကို ဘဏ်တစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုတဲ့ ဘဏ်များမှာ ယုံကြည်အပ်နှံငွေစာရင်း (Trust Account) ဖွင့်လှစ်ပြီးတော့ အစဉ်ထိန်းသိမ်းထား ရှိရမှာဖြစ်ပါတယ်။ အဆိုပါ ငွေကို ငွေဖြည့်လွယ်တဲ့ ရပိုင်ခွင့်များအဖြစ် ထားရှိရမှာဖြစ်ပြီးတော့ ၎င်းက ရရှိလာတဲ့ အတိုး သို့မဟုတ် အကျိုးအမြတ် တစ်စုံတစ်ရာကိုလည်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို တစ်နှစ်ကိုတစ်ကြိမ် တင်ပြရမှာ ဖြစ်ပါတယ်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် အချက်များကိုလည်း အဆင့်(၃)ဆင့် ခွဲခြားသတ်မှတ်ထားပြီးတော့ အဆင့်(၁)နှင့် အဆင့်(၂)စာရင်းများဟာ လူပုဂ္ဂိုလ်များအတွက်ဖြစ်ပြီး တော့ အဆင့်(၃)စာရင်းကတော့ မှတ်ပုံတင်ထားတဲ့ တရားဝင်အဖွဲ့အစည်းများအတွက် ဖြစ်ပါတယ်။

ထို့အပြင် မိုဘိုင်းငွေရေးကြေးရေး စာရင်းဖွင့်လှစ်ပေးရာမှာ ဆက်သွယ်ဆောင်ရွက်သူကို သိရှိခြင်း (Know Your Customer- KYC)နဲ့ အလေးထားစိစစ်ခြင်း(Customer Due Diligence - CDD)တို့ကိုလည်း ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပြီးတော့ စနစ်တကျ မှတ်တမ်းများ ပြုစုထားရှိရမှာ ဖြစ်ပါတယ်။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူဟာ ၎င်းတို့ရဲ့ ကိုယ်စားလှယ်များကို စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းများကို ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ဗဟိုဘဏ် အနေနဲ့ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူကို ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း များကို သတ်မှတ်ထားတဲ့ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူဟာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားတဲ့အတိုင်း အစီရင်ခံစာများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ ပုံမှန်တင်ပြရမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်းမှာ စာရင်းစစ်ဆေးပြီးတဲ့ နှစ်ချုပ်အစီရင်ခံစာ မိတ္တူတစ်စောင်ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ တင်ပြရမှာဖြစ်ပါတယ်။ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုဆိုင်ရာ ပေးချေမှုစနစ် ပြောင်းလဲခြင်း သို့မဟုတ် တိုးမြှင့်ဆောင်ရွက်ခြင်း ပြုလုပ်လိုပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ကြပ်မတ် ကွပ်ကဲ ခြင်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူ ကို လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကူးသန်းရောင်းဝယ်ရေး ဘဏ်များအနေနဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက် နိုင်ခွင့်ရှိပြီးတော့ ဆက်သွယ်ရေး အော်ပရေတာများကတော့ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ပါတယ်။ ယင်းတို့မှအပ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်ခွင့်ပြုပါရန် တင်ပြလာပါက အဆိုပါ တင်ပြသူရဲ့ နောက်ခံ အကြောင်းအချက် အခြေအနေ ငွေကြေးအင်အား တောင့်တင်းခိုင်မာမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ငန်းအတွက် ပြင်ဆင် ထားမှု အစီအစဉ် စသည်တို့ကို စနစ်တကျ စိစစ်ပြီးမှသာ ခွင့်ပြုချက် ထုတ်ပေးမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ၇၉ အရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် လုံခြုံမှုနှင့် ထိရောက်မှုရှိသော ငွေပေးချေမှုစနစ်ဖြစ်စေရန် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားလာသည့် အဖွဲ့အစည်းတစ်ရပ်ရပ်အား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းကို ကြီးကြပ်စစ်ဆေးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်သူများ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်စေရန် ၎င်းအဖွဲ့အစည်းများကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးသူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စည်းမျဉ်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိ၍ ကွပ်ကဲကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ စည်းမျဉ်း၊ ညွှန်ကြားချက်များကိုလည်း ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ထပ်မံထည့်သွင်းရန် စသည်ဖြင့် လိုအပ်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ ၅-၃-၂၀၁၈ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၃-၅-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၄ - ၆ - ၂၀၁၈ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို

ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘော တူ မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးအောင်ကြည်ညွန့်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တောင်တွင်းကြီးရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၈ -၃၃၁

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဇွန် လ ၅ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းကို (၇-၃-၂၀၁၈) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကောင်စီ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် (၂၂ - ၅ - ၂၀၁၈) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် တစ်ပြေးညီဖြစ်စေရန်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါရှိသော သွားဘက်ဆိုင်ရာသူနာပြု ဆိုသည့်စကားရပ်၏နောက်တွင် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ ဆိုသည့်စကားရပ်ဖြင့် အစားထိုးဖြည့်စွက်သင့်ကြောင်း၊ အဓိပ္ပာယ်ပိုမို ပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ (ဌ)၏ နောက်တွင် အပိုဒ်ခွဲ (ဍ)အဖြစ် အသိအမှတ်ပြုလက်မှတ်ဆိုသည်မှာ ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုကျွမ်းကျင်သူသို့မဟုတ် သွားဘက်ဆိုင်ရာ အထောက်အကူပြုသူဖြစ်ကြောင်း အသိအမှတ်ပြုထုတ်ပေးသည့် လက်မှတ်ကိုဆိုသည် ဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ (ဎ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်း၏နောက်တွင် အပိုဒ်ခွဲ(ဏ)အဖြစ် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ (Oral Hygienist) ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားနှင့် ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူအဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည် ဆိုသည့်စကားရပ်ဖြင့် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) မြန်မာနိုင်ငံဆေးကောင်စီ ဖွဲ့စည်းရာမှာ ပြည့်စုံမှုရှိစေရန်နှင့် ရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း၏ အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(ခ)။ နာယကအဖွဲ့သည် အောက်ပါအတိုင်း ကောင်စီကို ကောင်စီဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းရမည်-

(၁) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပါမောက္ခချုပ် ၂ ဦး၊ ပါမောက္ခဌာနမှူး ၂ ဦးနှင့် အရာထမ်း ၁ ဦး၊ ၁၁ ဦး

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အဆိုပြုသည့် အငြိမ်းစားပါမောက္ခချုပ် ၂ ဦး၊ အငြိမ်းစားပါမောက္ခ ဌာနမှူး ၂ ဦး၊

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ ကိုယ်စားလှယ် ၁ ဦး၊

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ် ၁ ဦး၊

(၂) ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် ၉ ဦး၊ ၉ ဦး

(၃) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ခံရသော ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးစီ၊ ၁၅ ဦး

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင် တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆို ခံနိုင်ခွင့်ရှိပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်း ဖြစ်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ)၏ နောက်တွင် အပိုဒ်ခွဲ(ဇ)အဖြစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် လိုအပ်သော သင်တန်း များ ဖွင့်လှစ်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် အညီ စိစစ်ခြင်းဆိုသည့်စကားရပ်ကို အသစ်ဖြည့်စွက်၍ လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၅) ၏နောက်တွင် အပိုဒ်ခွဲငယ်(၆) အဖြစ် အသိအမှတ် ပြု လက်မှတ်ဆိုင်ရာ သင်တန်းနှင့်အရည်အချင်း စိစစ်ရေးကော်မတီ ဆိုသည့် စကားရပ်ကို အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ်ခွဲ(ခ)ကို အဆိုပြုပြင်ဆင်ချက် အတိုင်း ပြန်လည်ထားရှိ၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ်ခွဲ(ဃ)၏နောက်တွင် အပိုဒ်ခွဲ(င)အဖြစ် အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ကာလအကန့်အသတ် ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း ဆိုသည့်စကားရပ်ကို အသစ် ဖြည့်စွက်၍ အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၂ တွင် ဖော်ပြထား သော ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပရမည် ဆိုသည့်စကားရပ်ကို နာယကအဖွဲ့သည် ကောင်စီ၏ပုံမှန်အစည်းအဝေးကို လေးလ လျှင် တစ်ကြိမ် ခေါ်ယူကျင်းပရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်၍ လည်းကောင်း၊ အပိုဒ် ၂၆၊ အပိုဒ်ခွဲ (ခ)၏နောက်တွင် အပိုဒ်ခွဲ (ဂ)အဖြစ် ကောင်စီက ဖွင့်လှစ်သည့် အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍လည်းကောင်း၊ အပိုဒ် ၄၀ တွင် ဖော်ပြထားသော အဖွဲ့အစည်းက ထုတ်ပေးသည့် လိုင်စင်ဆိုသည့် စကားရပ်ကို အဖွဲ့အစည်း သို့မဟုတ် ကောင်စီက ထုတ်ပေးသည့် လိုင်စင်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၄၀ ၏ အောက်တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ခြွင်းချက်။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)နှင့်(ခ)ပါ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်း လက်မှတ်ရရှိသူမှအပ အခြားသူတစ်ဦးဦးကို တာဝန်ပေးအပ်ဆောင်ရွက် သည့်ကိစ္စဖြစ်ပါက ကောင်စီက ဤဥပဒေအရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် လိုအပ်သော သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း မရှိသေးလျှင် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

(င) ရေးထုံးမှန်ကန်မှု ရှိစေရန်အတွက် အပိုဒ် ၅၂ ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်-

(က) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ အဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊စည်းမျဉ်းနှင့်စည်းကမ်း များကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကောင်စီ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ် ရေးထိုးပြီး ၁၄-၆-၂၀၁၈ (ကြာသပတေးနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]